# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၉၆)၊ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၆-၃-၂၀၂၆၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများ ရင်းရင်းနှီးနှီး ဆွေးနွေး

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

### ရင်းရင်းနှီးနှီး ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံတို့အကြား ရှည်လျားခိုင်မာသည့် သံတမန်ဆက်ဆံရေးရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူဆောင်ရွက်သွားမည့်အခြေအနေများနှင့် စာမျက်နှာ ၃ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ မတ် ၆ ရက်၊ သောကြာနေ့။
မန္တလေး

## လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များကို အဓိကစွမ်းအားစုအဖြစ်ပါဝင်လာစေပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များအဖြစ်ပေါ်ထွက်လာစေရေး လူငယ်ကဏ္ဍကို ဘက်စုံ၊ ကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်ရေးရာဦးစီးဌာနရုံးများကို အစီအစဉ်အလိုက် ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် နေပြည်တော်ကောင်စီ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လူငယ်ရေးရာဦးစီးဌာနရုံးများ စတင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဝန်ထမ်းများခန့်ထားရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေးအနေဖြင့် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာဦးစီးဌာနရုံးများ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆)၌ ပြောကြားသည်။

၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဆောင်ရွက်ရန် လူငယ်စင်တာများ ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန် အထူးမေတ္တာရပ်ခံ ပြောကြားလိုကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ချီးမြှင့်၍ အဖွင့်အမှာစကား ပြောကြားပေးခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ကရင်ပြည်နယ်ခရီးစဉ်တွင် လူငယ်စင်တာများကို အကျိုးရှိစွာအသုံးချရန်လိုအပ်ပြီး ပြည်နယ်အတွက် အကျိုးရှိစေမည့်သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့်အတတ်ပညာများကို သင်ကြားပေးခြင်းနှင့် လူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများအပြင် နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေးရန်နှင့် စည်းကမ်းတကျနေထိုင်သွားလာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးဆောင်ရွက်ပေးသွားရန် မှာကြားသည်။ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အမှာစကားပြောကြားသည်။

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် အရည်အချင်းရှိသူ လူငယ်များကို စနစ်တကျရွေးချယ်၍ ဒေသတွင်း အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိအောင် ရွေးချယ်ပေးခြင်းများကို ပြုလုပ်သွားပါက ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပိုမိုထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး<br>ရာထူး၊ဌာန |
|---|---|
| (က) ဒေါက်တာ ခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ( ခ ) ဦးခင်မောင်လှိုင် | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

၃။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ဇော်ဦး ကို အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မဟာအောင်မြေမြို့နယ်၌ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်

**မန္တလေး မတ် ၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်အားကစားကွင်း၌ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များအနေနဲ့ ပညာရေး သာမက ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ရည်ရွယ်၍ နွေရာသီအားကစား



သင်တန်းများကို မတ် ၃ ရက်မှ စတင်၍ ကျင်းပခဲ့သည်။

အဆိုပါ နွေရာသီအားကစားသင်တန်းများကို မဟာအောင်မြေမြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးရိုးမွန်နှင့် အားကစားနည်းပြများက အနီးကပ်ကြီးကြပ်၍ အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ရိုးရာလက်ဝှေ့၊ Boxing၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ကရာတေးစသည့် အားကစားနည်း (၆)နည်းကို မတ် ၃ ရက်မှ ၃၀ ရက်အထိ ကျင်းပပေးသွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များက အားလပ်ရက်အချိန်များကို အကျိုးရှိစွာအသုံးချ၍ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်လာစေရန် ရည်ရွယ်၍ နေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီအထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(အောင်ဇော်မင်း)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ ၅၈လမ်း၊ ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ မတ် ၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ တောင်မြို့ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ဘက်တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံသံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများနှင့် စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားလာမှုကဏ္ဍနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နီကာရာဂွါ နိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည် ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို နယ်ပယ်ပေါင်းစုံတွင် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံသံအမတ်ကြီးအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာခဲ့မှု အခြေအနေများ၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်အထိ အဆိုပါရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြီးမားသည့် ကန့်ကွက်မှုများမရှိခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတ နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

### စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျ နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

လွှတ်တော်အစည်းအဝေးများကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း ၃ ပိုင်းဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထု ကိုယ်စားပြု ရွေးချယ်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပရန် လွှတ်တော်အလိုက် ရက်သတ်မှတ်ခေါ်ယူပေးခဲ့ပြီးဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်များသို့ ရောက်ရှိသတင်းပို့ရမည့်ရက်များကို သတ်မှတ်ထုတ်ပြန်ကြေညာပြီးဖြစ်သည့်အတွက် မကြာမီရောက်ရှိကြတော့မည်ဖြစ်ကြောင်း။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာချိန်တွင် သတ်မှတ်နေရာများသို့ အသွား/အပြန် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များကို သက်ဆိုင်ရာရုံး၊ ဌာနအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိရန်၊ တည်းခိုနေထိုင်မည့်အဆောင်များ ရေ၊ မီး၊ မိလ္လာ၊ အခန်းတွင်း ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ရက်အမီ အဆင်သင့်ပြင်ဆင်ထားရှိရန်နှင့် လွှတ်တော်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်ရုံးများက ရှင်းလင်းတင်ပြနိုင်ရေးကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

လွှတ်တော်ဝင်း လုံခြုံရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးအရ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း ပြီးပြတ်အောင်ဆောင်ရွက်သွားရန်၊ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးအသီးသီးနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးရန်၊ လွှတ်တော်အစည်းအဝေးများတွင် အသုံးပြုမည့် ရုပ်/သံရိုက်ကူးရေးဆိုင်ရာစနစ်များနှင့် စက်ပိုင်းဆိုင်ရာစနစ်များကောင်းမွန်မှုရှိစေရန် အမြဲစမ်းသပ်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ကြရန်၊ လွှတ်တော်အဆောက်အအုံ ပြင်ဆင်သည့်လုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်သည်များကို ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း။

မကြာမီကျင်းပမည့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းမီဒီယာများအနေဖြင့် လွှတ်တော်တွင်း သတင်းရယူရေးနှင့်စပ်လျဉ်းသည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးတာဝန်ယူ၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရန်နှင့် Media Corner များ စနစ်တကျထားရှိရန်လိုအပ်ကြောင်းနှင့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ အချိန်မီတက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် လွှတ်တော်လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လွှတ်တော်အစည်းအဝေးများ စနစ်တကျကျင်းပနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ e – Voting System မဲပေးစက်များ ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်းခိုနေထိုင်မည့် စည်ပင်ဧည့်ရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၅

(၁၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) တပ်နယ်အားကစားခန်းမနှင့် ခတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်၌ ဆက်လက်ကျင်းပသည်။



## တက်ရောက်

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)များ၊ သူနာပြု/ ကျွမ်းကျင်သူများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာ တပ်မတော်နှင့် အရပ်ဘက်မှ ဆေးပညာရှင်များ၊ အငြိမ်းစား အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယနေ့တွင် ဒုတိယနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Meet the Experts (MTE) တစ်ခု၊ Special Talk လေးခု၊ Clinical Session နှင့် Symposium များအဖြစ် **“တပ်မတော်သားများ တိုက်ပွဲဝင် အသင့်ဖြစ်စေရန် အတွက် အဝလွန်ပြဿနာဖြေရှင်းရန်နည်းလမ်းများ”၊ “စစ်မြေပြင် ထိခိုက်ဒဏ်ရာရသူများ ပြုစုစောင့်ရှောက်ရာတွင် ဆောင်ရွက်မည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးလက်ထောက်များ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ”၊ “ဆေးပညာ သင်ကြားရေးတွင် အရေးပါသည့် ဆရာများအတွက် အနာဂတ် စိန်ခေါ်မှုများနှင့် ကြိုတင် ပြင်ဆင်ခြင်းလုပ်ငန်းများ”၊ “အာရုံကြောစနစ်သုံး စစ်ဆင်ရေးခေတ်သို့ ကူးပြောင်းရောက်ရှိလာခြင်း”၊ “သက်မဲ့ အလှူရှင်ထံမှ အသည်းအစားထိုးကုသခြင်း”** စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းအပြင် သုတေသနစာတမ်းများအဖြစ် သွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး ဆေးပညာ၊ ရေကြောင်း ဆေးပညာ၊ လေကြောင်းဆေးပညာ၊ ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာ၊ တိုင်းရင်းဆေးပညာ၊ ပြန်လည်သန်စွမ်းရေး ဆေးပညာ၊ အရိုးအထူးကုပညာ၊ ဓာတ်မှန်ပညာ၊ ဇီဝကမ္မဗေဒ၊ စိတ်ကျန်းမာရေး၊ အလုပ်သင်ဆရာဝန်များ၏ သုတေသနစာတမ်းများ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၃၉ စောင်တို့အား ပါဝင်ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာသုတေသီများက ရှင်းလင်းဖြေကြားဆွေးနွေးကြပြီး ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နား၍ မတ် ၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးရုံ/ ဆေးတပ်ရင်းတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ)နှင့် သူနာပြု/ ကျွမ်းကျင်သူကိုယ်တိုင် တက်ရောက်သူများအနေဖြင့် စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ပြီး အွန်လိုင်းမှ တက်ရောက်သူများ အနေဖြင့် စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan နှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် အလားအလာရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ အရှေ့အလယ်ပိုင်းဒေသတွင်း လက်ရှိအခြေအနေနှင့် နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နီကာရာဂွါသံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး မြန်မာ-နီကာရာဂွါ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေး မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများအပြန်အလှန်ဖွင့်လှစ်နိုင်ရေးအပါအဝင် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ခရီးသွား၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အခြေအနေများနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်ဓာတ်ပုံပြပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများက မဲခေါင်-လန်ချန်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တက်ရောက်လာကြသောပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံကိန်းများဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် ၂၀၂၆ ခုနှစ်တွင် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းရောက်ရှိပြီဖြစ်သည့်အတွက် ယခုနှစ်သည် မိမိတို့ဒေသအတွက်အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံမှုများနှင့် ငြိမ်းချမ်း၍ သာယာဝပြောပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အပြန်အလှန်မျှဝေသည့် အနာဂတ်အသိုက်အဝန်းတစ်ခု တည်ဆောက်ရေးမျှော်မှန်းချက်ကို ထပ်လောင်းအတည်ပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလအတွင်း စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးနှင့် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ (၆)ကြိမ်မြောက်နှင့် (၈)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အပြင် နေပြည်တော်ကြေညာချက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၇) တို့ကို အတည်ပြုနိုင်ခဲ့ပြီး မဲခေါင်-လန်ချန်း ဆန်းသစ်တီထွင်မှုစင်္ကြံ (MLC innovation Corridor) ဆိုင်ရာ အစည်းအဝေးယန္တရား တည်ထောင်ရန်အတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့် ရရှိခဲ့ပြီး စီမံကိန်းပေါင်း ၁၀၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်မှုမှတစ်ဆင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေးအပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်ရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အကူအညီများ ဆက်လက်ပေးအပ်နေသည့် တရုတ်နိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များနှင့် တိုးတက်မှုများရရှိလျက်ရှိသော်လည်း လက်ရှိကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲမှုများ၊ စီးပွားရေးမတည်ငြိမ်မှုများ၊ ရာသီဥတုပြောင်းလဲမှုစသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေကြရာ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ဒေသတွင်း စဉ်ဆက်မပြတ် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက အထိမ်းအမှတ် မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က သာယာငြိမ့်ညောင်းတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စမာကျားတို့က မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အနုပညာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ ခြောက်နိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## The Shawshank Redemption သမိုင်းတစ်လျှောက် အမြင့်ဆုံးအားပေးမှု ရရှိထား

အင်တာနက်ရုပ်ရှင်မှတ်တမ်း (Internet Movie Database IMDb)၏ သမိုင်းတစ်လျှောက် ထိပ်တန်းစာရင်းဝင်ငါးကားတွင် The Shawshank Redemption လည်း ပါဝင်ခဲ့ပြီး ပရိသတ် အမြင့်ဆုံး အားပေးမှုရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါ စာရင်းသည် ပရိသတ်ပေါင်း သန်းချီ၏ မဲပေးမှုအပေါ်အခြေခံထားသည့် IMDb Top 250 စာရင်းမှ ကောက်နုတ်ထားရာ ထိပ်ဆုံးတွင် 9.3 နှင့် The Shawshank Redemption ဘဏ်လုပ်ငန်းရှင်တစ်ဦး အကြောင်း ဖြစ်သည်။

ဒုတိယနေရာတွင် IMDb 9.2 နှင့် The Godfather အမေရိကန် အီတလီမာဖီးယားမိသားစု အကြောင်း၊ တတိယနေရာတွင် IMDb 9.0 The Dark Knight Batman ဇာတ်ကား၊ စတုတ္ထနေရာတွင် The Godfather 2 က IMDb 9.0 နှင့် ပဉ္စမနေရာတွင် 12 Angry Men က IMDb 9 အသီးသီး ရရှိထားကြသည်။

(SKY)

## Kendrick Lamar ၏ ဂီတ ထာဝရထိပ်ဆုံးနေရာ ပိုင်ဆိုင်ထား



ဟောလိဝုဒ် အနုပညာလောကတွင် ထာဝရထိပ်ဆုံးနေရာကို ပိုင်ဆိုင်ထားသည့် အနုပညာရှင်မှာ Kendrick Lamar ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Best Halftime Shows of All Time စာရင်းတွင် ဟောလိဝုဒ်အနုပညာရှင်များအနက် Kendrick Lamar က နံပါတ်(၃)နေရာ၊ မိုက်ကယ်ဂျက်ဆင်က နံပါတ်(၂)နေရာ ပိုင်ဆိုင်ထားကြသည်။

ထာဝရထိပ်ဆုံးနေရာကို ပိုင်ဆိုင်ထားကြသူများစာရင်းတွင် Dr. Drej စနူးဒေါဂ်တို့က နံပါတ်(၄)၊ ကေတီပယ်ရီက နံပါတ်(၅)၊ မာရွန်းက နံပါတ်(၆)၊ ဘီယွန်းဆေးနှင့်ဘရူနိုမတ်စ်တို့က နံပါတ်(၇)၊ လေဒီဂါဂါက နံပါတ်(၈)၊ ရီဟာနားက နံပါတ်(၉)နှင့် ရှကီရာ၊ ဂျနီဖာလိုပက်စ်တို့အတွဲက နံပါတ်(၁၀) စာရင်းဝင်ထားကြသည်။

ဟောလိဝုဒ် အနုပညာလောကတွင် ထာဝရထိပ်ဆုံးနေရာ ရရှိရန်မှာ လွယ်ကူသော အရာမဟုတ်ခဲ့သော်လည်း Kendrick Lamar မှာ ရက်ပ်ပါတစ်ဦးအဖြစ် ရပ်တည်နေနိုင်ခြင်းက သာမန်စွမ်းရည်ထက် ကျော်လွန်၍ ဖြစ်သည်။

(SKY)

## EXO မှ Lay@Zhangyi Xing ၏ မွေးနေ့ဂီတပွဲ ရိုးရာအနုပညာများ ပေါင်းစပ်ချပြခဲ့



EXO အဖွဲ့ဝင်ဟောင်း တရုတ် အနုပညာရှင် Lay @ Zhangyi Xing သည် မွေးနေ့ဂီတဖျော်ဖြေပွဲတွင် တရုတ်ရိုးရာအနုပညာများကို ခေတ်သစ်ဂီတနှင့် ပေါင်းစပ်၍ ချပြခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုတော်၊ သရုပ်ဆောင်၊ ကုမ္ပဏီပိုင်ရှင် စီအီးအိုတစ်ဦး ဖြစ်သည့် Lay @ Zhangyi Xing သည် တရုတ်ရိုးရာ အနုပညာကို မြတ်နိုးသူဖြစ်ပြီး ခေတ်ပေါ်ဂီတနှင့် ရိုးရာပေါင်းစပ်မှုကို Street Dance of China အစီအစဉ်များတွင် ချပြရုံသာမက သူ့မွေးနေ့ပွဲဂီတဖျော်ဖြေမှုတွင် ခမ်းနားထည်ဝါစွာ ချပြခဲ့သူ ဖြစ်သည်။

EXO အဖွဲ့၏ ဂီတဖျော်ဖြေပွဲတွင် ပရိသတ်မျှော်လင့်ထားသကဲ့သို့ Lay ပါဝင်ခြင်း မရှိဖြစ်ခဲ့ရသည်ကို ပရိသတ်များ မချိတင်ကဲဖြစ်ခဲ့ကြရသည်။ တရုတ်အနုပညာလောကတွင် ကြယ်တစ်ပွင့်ဖြစ်နေသော Zhangyi Xing က အချိန်ဇယားများ အပြည့်ဖြစ်နေသောကြောင့်ဟု ဖြေကြားထားသည်။

(SKY)

## Taylor Swift ၏ The Life of a Showgirl မှာ မင်းသမီးကြီးတစ်ဦးအကြောင်း ဖြစ်

Taylor Swift ၏ The Life of a Showgirl မှာ မင်းသမီးကြီး အယ်လိဇဘက်တေလာအကြောင်းကို ကျောရိုးယူထားသည့် သီချင်းဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




၁၉၄၀ပြည့်နှစ် ဝန်းကျင်တွင် အနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီး မာရီလင်မွန်ရိုး၊ အော်ဒရေးတက်ဘန်းတို့နှင့် ခေတ်ပြိုင်ဖြစ်ခဲ့ကာ ညို့အားပြင်း အလှကြောင့် ပရိသတ်ကြား ရေပန်းစားခဲ့သော အယ်လိဇဘက်တေလာသည် အိမ်ထောင်ဆက်များခဲ့သူဖြစ်သည်။ မင်္ဂလာပွဲရှစ်ပွဲနှင့် ပြန်ပေါင်းတစ်ပွဲကြောင့် ဝေဖန်ခံရမှုကိုလည်း ဂရုမစိုက်သူဖြစ်သည်။ HIV / AIDS အဖွဲ့အစည်းကိုလည်း တည်ထောင်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ် အသက် ၇၉ နှစ်တွင် ကွယ်လွန်ခဲ့သည်။

Taylor Swift က ဂျက်လေယာဉ်အသုံးများပြီး Jet Lifestyle ကို စတင်ခဲ့သူဖြစ်ကာ ထိပ်တန်းအဆင့်နေထိုင်ပြုမူ၍ ပရိသတ်ဝေဖန်ခံရသည်ကို အယ်လိဇဘတ်တေလာ နာမည်နှင့် သီချင်းလုပ်ရေးခဲ့သလော၊ တိုက်ဆိုင်မှုလောဟု ပရိသတ်ဝေဖန်ထားကြသည်။

(SKY)



### လန်ဒန်မြို့တော်ရှိ ဘုရင့်ကောလိပ်မှ သုတေသီများ အလူမီနီယမ်၏ ထူးခြားသော ပုံစံသစ်တစ်ခုကို ဖန်တီး

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်ရှိ ဘုရင့်ကောလိပ်မှ သုတေသီများသည် ကမ္ဘာ့မြေလွှာတွင် အပေါများဆုံး သတ္တုတစ်မျိုးဖြစ်သည့် အလူမီနီယမ်၏ ထူးခြားသော ပုံစံသစ်တစ်ခုကို မကြာသေးမီက ဖန်တီးရှာဖွေတွေ့ရှိခဲ့ကြသည်။

ယင်းတွေ့ရှိမှုသည် ဓော်မီနည်းပညာနှင့် စက်မှုလုပ်ငန်းများတွင် အသုံးများသော ရှားပါးဒြပ်စင်များနေရာတွင် အစားထိုးနိုင်မည့် ကုန်ကျစရိတ်သက်သာပြီး ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းသော ပစ္စည်းသစ်တစ်ခုကို လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ဓာတုဗေဒဌာနမှ အကြီးတန်းကထိက ဒေါက်တာ ကလဲဘိတ်ဝဲလ်သည် ထိုလေ့လာမှုကို ဦးဆောင်ခဲ့သည်။ ၄င်း၏ အဖွဲ့သည် အလွန်ခိုင်မာသော ဓာတုပေါင်းစည်းမှုများကိုပင် ဖြိုခွဲနိုင်သည့် စွမ်းအားမြင့် အလူမီနီယမ်အခြေခံ မော်လီကျူးများကို ဖန်တီးခဲ့ကြသည်။

အဆိုပါသုတေသန၏ အဓိကအောင်မြင်မှုမှာ ဆိုင်ကလိုထရိုင်ယာလူမိန်းဒြပ်ပေါင်းကို ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။ ဤဒြပ်ပေါင်းသည် အလူမီနီယမ်အက်တမ်သုံးခုကို တြိဂံပုံစံ ချိတ်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

(SCI)

## J Hope @ Jong Hyosuk က အမြင့်ဆုံးတစ်ကိုယ်တော်ဖျော်ဖြေပွဲ စံချိန်တင်ခဲ့



BTS အဖွဲ့ဝင် J Hope @ Jong Hyosuk က တစ်ကိုယ်တော် Hope on the Stage နှင့် World Tour ဖြင့် အမြင့်ဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲစံချိန်ကို ရယူခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

J Hope သည် Touring data အတည်ပြုချက်အရ ပွဲပေါင်း ၃၃ ပွဲမှ ဝင်ငွေအရရော လက်မှတ်ခပါ ရောင်းကုန်ခဲ့ပြီး အမြင့်ဆုံး Solo Tour Grossing စံချိန်ရရှိခဲ့သည်။

ယခင်က ထိုစံချိန်ကို ကိုင်ထားသူမှာ BTS အဖွဲ့ဝင် ဆူဂါ(ခေါ်)မင်ယောင်ဂီးဖြစ်ပြီးနောက် စံချိန်ကို စိန်ခေါ်လာနိုင်သူများမှာလည်း အဖွဲ့ဝင်များထဲမှသာ ဖြစ်ခဲ့သည်။ ကေပေါ့ပ်ဂီတစံချိန်နယ်ပယ်တွင် BTS အဖွဲ့နှင့် အဖွဲ့ဝင်များကို ယှဉ်ပြိုင်နိုင်သူ မပေါ်သေးကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင် BTS အဖွဲ့ World Tour နှင့် ထပ်မံစံချိန်တင်ဦးမည် ဖြစ်သည်။

(SKY)

## BTS ၏ World Tour ကြေညာချက်ကြောင့် Hybe ရှယ်ယာမြင့်တက်လာ

ကေပေါ့ပ်လောကသို့ သုံးနှစ်အကြာမှ ပြန်လည်ရောက်ရှိလာသည့် BTS အဖွဲ့၏ World Tour ကြေညာချက်ထွက်ရှိလာပြီးနောက် ကမ္ဘာတစ်ဝန်းအားပေးမှုအပြင် Hybe ၏ ရှယ်ယာများလည်း မြင့်တက်လာခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၆ ခုနှစ်၊ ဧပြီ ၉ ရက်မှ စတင်၍ ကမ္ဘာပတ်ဖျော်ဖြေပွဲကျင်းပမည့် ကြေညာချက်ထုတ်ပြန်ပြီးနောက် ကမ္ဘာတစ်ဝန်း ပရိသတ်အားပေးမှုကြောင့် လူမှုကွန်ရက်မီဒီယာများတွင် မကြုံစဖူး ထူးကဲသောအဖြစ်နှင့် ရင်ဆိုင်ခဲ့ရပြီး Hybe ၏ ရှယ်ယာများလည်း မြင့်တက်လာခဲ့သည်။




အဆိုပါ ဖျော်ဖြေပွဲကို ဧပြီ ၉ ရက်မှ ၁၂ ရက်အထိ ကိုရီးယားနိုင်ငံ Goyang မှ စတင်၍ ၁၆၊ ၁၇ ရက်တွင် တိုကျို၊ ၂၅၊ ၂၆ ရက်တွင် တန်ပါ၊ မေ ၂၊ ၃ ရက်တွင် ပါဆို၊ ၇ ရက်မှ ၁၀ ရက်အထိ မက္ကဆီကို၊ ၁၆၊ ၁၇ ရက်တွင် စတန်းဖို့ဒ်၊ ၂၃ ရက်မှ ၂၇ ရက်အထိ လပ်စ်ဗီးဂတ်စ်၊ ဇွန် ၁၂၊ ၁၃ ရက်တွင် ဘူဆန်၊ ၂၆၊ ၂၇ ရက်တွင် မက်ဒရစ် စသည့် မြို့များနှင့် ၂၀၂၇ ခုနှစ်၊ မတ် ၁၃၊ ၁၄ ရက်တွင် မနီလာ၊ ဂျပန်၊ အရှေ့အလယ်ပိုင်းနှင့် အခြားနိုင်ငံများ ပါဝင်မည်ဖြစ်သည်။

(SKY)

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## "မဟာဗျူဟာမြောက် ဆွေမျိုးရင်းချာများ" အဖြစ် လက်တွဲသင့်သည်ဟု ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး ဩစတြေးလျပါလီမန်တွင် ပြောကြား



**ကင်ဘာရာ မတ် ၅**

စစ်ပွဲအပြီးဖြစ်ပေါ်လာသော ကမ္ဘာ့အဆောက်အအုံသည် ဆက်တိုက်ဖြစ်ပွားနေသည့် အကျပ်အတည်းများကြောင့် ပြိုကွဲပျက်စီးနေချိန်တွင် ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့သည် "မဟာဗျူဟာမြောက် ဆွေမျိုးရင်းချာများ" အဖြစ် လက်တွဲဆောင်ရွက်သင့်သည်ဟု မာ့ခ်ကာနေးက ဩစတြေးလျပါလီမန်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အင်အားလတ်နိုင်ငံများအတွက် မေးခွန်းမှာ လုံခြုံရေးနှင့် သာယာဝပြောရေးကို ဆုံးဖြတ်ပေးမည့် စည်းမျဉ်းသစ်များကို မိမိတို့ကိုယ်တိုင် ရေးဆွဲကြမည်လော၊ သို့မဟုတ် အင်အားကြီးနိုင်ငံများ၏ ခြယ်လှယ်မှုကိုသာ ခံကြမည်လောဟူသည်မှာ အဓိကဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ်က ပြောကြားသည်။

အရေးပါသော သတ္တုတွင်းထွက်ပစ္စည်းများ၊ ကာကွယ်ရေးနှင့် ဉာဏ်ရည်တု(အေအိုင်) ကဏ္ဍများအပါအဝင် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် စွမ်းဆောင်ရည်များကို မြှင့်တင်ရန်အတွက် နိုင်ငံနှစ်ခုအကြား ပိုမိုပူးပေါင်းဆောင်ရွက်သင့်သည်ဟု ၎င်းက ဆိုသည်။

ယခုမိန့်ခွန်းသည် ပြီးခဲ့သည့် ဇန်နဝါရီက ဒါးဗို့စ်မြို့တွင် ပြောကြားခဲ့သည့် မိန့်ခွန်းအပါအဝင် ၎င်း၏ ယခင်ထုတ်ဖော်ပြောဆိုချက်များကို ထပ်လောင်းအတည်ပြုခြင်းဖြစ်ပြီး အဆိုပါမိန့်ခွန်းတွင် စနစ်ဟောင်းသည် ပြန်လည်ရောက်ရှိလာတော့မည် မဟုတ်ကြောင်းနှင့် အင်အားလတ်နိုင်ငံများ စုစည်းကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ Mon

၀-၀-၀-၀-၀

## ချစ်ပ်ပြားထုတ်လုပ်မှုကဏ္ဍ၌ အိန္ဒိယက အရှိန်မြှင့်တင်၊ ကိုယ်စားလှယ်အဖွဲ့ နယ်သာလန်နိုင်ငံသို့ သွားရောက်

**အမ်စတာဒမ် မတ် ၅**

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ချစ်ပ်ပြားထုတ်လုပ်မှုကဏ္ဍ တည်ထောင်ရန် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်တင်နေစဉ် အိန္ဒိယကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးရန်အတွက် နယ်သာလန်နိုင်ငံ၏ ဆီမီးကွန်ဒတ်တာ အချက်အချာကျရာ အိန်းဟိုဗင်မြို့သို့ ယမန်နေ့က သွားရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ဆီမီးကွန်ဒတ်တာ ထုတ်လုပ်ရေးစက်ရုံများနှင့် ဆက်စပ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆွဲဆောင်ရန်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီသော ထောက်ပံ့ကြေးများ ပေးအပ်မည်ဟု ကတိပြုထားပြီး ဂုဂျာရတ်ပြည်နယ်ရှိ ဒေါ်လာ ၁၄ ဘီလီယံတန်ဖိုးရှိ တာတာ အီလက်ထရောနစ်စက်ရုံအပါအဝင် စီမံကိန်း ရှစ်ခုကို လက်ရှိတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တစ်ဖက်တွင်လည်း အမေရိကန်နှင့် နည်းပညာဆိုင်ရာ ပြိုင်ဆိုင်မှုများနှင့် ဆက်စပ်နေသည့် ပို့ကုန်ထိန်းချုပ်မှုများနှင့် ကုန်သွယ်ရေးကန့်သတ်ချက်များကြောင့် နယ်သာလန် ဆီမီးကွန်ဒတ်တာ ကုမ္ပဏီများသည် ဈေးကွက်သစ်များနှင့် နယ်မြေဒေသအလိုက် ဖြန့်ကြက်ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေလျက်ရှိကြောင်း သိရသည်။ Mon



STOP AIDS

## ပိတ်မိနေသည့် ခရီးသွားများ ဌာနေနိုင်ငံသို့ ပြန်လာနိုင်ရေး ဆွစ်ဇာလန် နိုင်ငံတကာလေကြောင်းလိုင်း ကူညီပေးမည်

**ဂျီနီဗာ မတ် ၅**

ဆွစ်ဇာလန် နိုင်ငံတကာလေကြောင်းလိုင်းသည် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြားတွင် ပိတ်မိနေသည့် ခရီးသွားများ ဆွစ်ဇာလန်နိုင်ငံသို့ ပြန်လာနိုင်ရေး ကူညီပေးရန်အတွက် အိုမန်နိုင်ငံမှ တစ်ဆင့် အဲဘတ်စ် အေ ၃၄၀ လေယာဉ်တစ်စင်းကို ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လုဖ်သန်ဆာ လေကြောင်းလိုင်း၏ လက်အောက်ခံဖြစ်သော ဆွစ်လေကြောင်းလိုင်းက ပဋိပက္ခများကြောင့် ဇူးရစ်မြို့သို့ မပျံသန်းနိုင်တော့သည့် ဆွစ်လေယာဉ်လက်မှတ်ကိုင်ဆောင်ထားသူများနှင့် အိုမန်နိုင်ငံရှိ ဆွစ်အာဏာပိုင်များထံ နေထိုင်ခွင့်မှတ်ပုံတင်ထားသော ဆွစ်နိုင်ငံသားများကို တင်ဆောင်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဤအစီအစဉ်သည် အထူးသဖြင့် ဆွစ်နိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လာနိုင်မည့် အခွင့်အရေးတစ်ရပ်ကို ဖော်ဆောင်ပေးရန်ရည်ရွယ်ခြင်းဖြစ်သည်ဟု ဆွစ်လေကြောင်းလိုင်းက ဆိုသည်။

ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ နောက်ဆုံးခန့်မှန်းချက်များအရ အဆိုပါဒေသအတွင်း ခရီးသွားလာနေသည့် ဆွစ်နိုင်ငံသား ၅၀၀၀ နီးပါး ပိတ်မိနေပြီး အိုမန်နိုင်ငံတွင် ၅၀၀ ကျော်ရှိနေကြောင်း သိရသည်။ Mon





## ၂၀၂၆ ခုနှစ်အတွက် တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိရရှိရန် ရည်မှန်းထား

**ပေကျင်း မတ် ၅**

တရုတ်နိုင်ငံသည် ၂၀၂၆ ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း (ဂျီဒီပီ)ကို အနည်းဆုံး ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ရရှိရန် ရည်မှန်းထားကြောင်း မတ် ၅ ရက်တွင် ပြုလုပ်သည့် နိုင်ငံ၏ အဆင့်မြင့် ဥပဒေပြုလွှတ်တော်သို့ တင်သွင်းသော အစိုးရလုပ်ငန်းအစီရင်ခံစာတွင်ဖော်ပြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့တွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် စတုတ္ထအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲတွင် ဝန်ကြီးချုပ် လီချန့်က အစီရင်ခံစာကို တင်သွင်းခဲ့ပြီး အဆိုပါတိုးတက်မှုရည်မှန်းချက်သည် ၂၀၃၅ ခုနှစ်အထိ ချမှတ်ထားသော နိုင်ငံ၏ ရေရှည်ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိကြောင်းနှင့် တရုတ်နိုင်ငံ၏ ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်စွမ်းနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ကိုက်ညီမှုရှိကြောင်း၊ ထို့ပြင် ၎င်းရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် ခိုင်မာသော အခြေအနေများလည်း ရှိနေကြောင်း ရှင်းလင်းပြောကြားသည်။

ဒေသန္တရအစိုးရများအနေဖြင့် မိမိတို့၏ လက်ရှိအခြေအနေများကို ထည့်သွင်းစဉ်းစားကာ ကောင်းမွန်သော ရလဒ်များထွက်ပေါ်လာစေရန် ခိုင်ခိုင်မာမာ ကြိုးပမ်းဆောင်ရွက်သင့်သည်ဟု လီချန့်က ဆိုသည်။

စီးပွားရေးတိုးတက်မှုနှုန်းအပါအဝင် ယခုနှစ်အတွက် ချမှတ်ထားသော ရည်မှန်းချက်များသည် (၁၅) ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) ၏ ပထမဆုံးနှစ်တွင် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်သည့် အခင်းအကျင်းများကို ထည့်သွင်းစဉ်းစားထားခြင်းဖြစ်ပြီး နောင်လာမည့်နှစ်များတွင် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်များရရှိစေရန် ခိုင်မာသော အခြေခံအုတ်မြစ် ချမှတ်ပေးခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ Mon

## သင်္ဘောပေါ်မှ ခရုစ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်မ် ကြီးကြပ်ကွပ်ကဲ

**ပြုံယမ်း မတ် ၅**

မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းသည် တန် ၅၀၀၀ ရေတပ်ဖျက်သင်္ဘောသစ်တစ်စင်းကို တရားဝင် အသုံးမပြုမီ ၎င်းသင်္ဘောပေါ်မှ မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုကို ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခေါင်းဆောင်ကင်မ်သည် ဗုဒ္ဓဟူးနေ့တွင် ချွဲဟွန်ဖျက်သင်္ဘောပေါ်မှ ပင်လယ်ပြင်မှ မြေပြင်ပစ်ဒုံးကျည်များ ပစ်ခတ်မှုကို ကြီးကြပ်ခဲ့ပြီး အဆိုပါစမ်းသပ်မှုသည် စစ်သင်္ဘောသစ်၏ စွမ်းဆောင်ရည်အတွက် အဓိကအစိတ်အပိုင်းဖြစ်ကြောင်းနှင့် နိုင်ငံ၏ ပင်လယ်ပြင်ကာကွယ်ရေး သင်္ကေတသစ်ဖြစ်ကြောင်း အကဲဖြတ်ပြောကြားသည်။

အလားတူအဆင့်ရှိသော သို့မဟုတ် ပိုမိုကောင်းမွန်သော စစ်သင်္ဘောများကို ပိုမိုထုတ်လုပ်ရန် တိုက်တွန်းခဲ့ပြီး မိမိတို့ရေတပ်၏ နျူကလီးယားလက်နက် တပ်ဆင်မှုမှာလည်း တိုးတက်မှုများရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံအနောက်ဘက်ရှိ နမ်ပိုသင်္ဘောကျင်းတွင် မြောက်ကိုရီးယားဗဟိုသတင်းအေဂျင်စီ (ကေစီအင်န်အေ)၏ ဖော်ပြချက်အရ ၎င်းတို့ရေတပ်၏ ရေအောက်နှင့် ရေပေါ် တိုက်ခိုက်ရေးအင်အားစုများသည် လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ပြီး ရေတပ်ကို နျူကလီးယားလက်နက်များ တပ်ဆင်ပေးခြင်းသည် စိတ်ကျေနပ်ဖွယ် တိုးတက်မှုများရှိနေသည်ဟု ကင်မ်ဂျောင်အွန်းက ဆိုသည်။

ယင်းအောင်မြင်မှုများအား လုံးသည် နှစ်ပေါင်း ၅၀ ကြာ မအောင်မြင်ခဲ့သည့် မိမိတို့၏ ရေပိုင်နက် အချုပ်အခြာအာဏာ ကာကွယ်ရေးအတွက် အခြေခံကျသော အပြောင်းအလဲတစ်ခုဖြစ်သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ Mon



## မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက် (Fire Safety Certificate) (FSC) ကနဦးဆောင်ရွက်ပေး



**ဆင်ပေါင်ဝဲ မတ် ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်ကျေးရွာရှိ "ကျော်စံ" စက်သုံးဆီအရောင်းဆိုင်အား မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် (Fire Safety Certificate) (FSC) ကနဦးဆောင်ရွက်ခြင်းကို မတ် ၄ ရက် နံနက် ၉ နာရီက ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက် (Fire Safety Certificate) (FSC) ကနဦးဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနချုပ်၏ သတ်မှတ်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီမှု ရှိ၊ မရှိအား မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးသည် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့်တပ်ဖွဲ့ဝင်များက အကြံပြုချက်အား တိကျစွာလိုက်နာမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ပုဂံမြို့သစ်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသ

**ပုဂံ မတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပုဂံမြို့သစ်ဈေးကြီးအား ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်နှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ သိရှိလိုက်နာနိုင်ရန် ရည်ရွယ်၍ မတ် ၃ ရက် ညနေ ၄ နာရီက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပုဂံမြို့သစ်ဈေးရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ဈေးမီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရေး၊ မီးလောင်လျှင် လုပ်ဆောင်ရမည့် မီးဘေးလုံခြုံရေးဆိုင်ရာများ၊ အရေးပေါ်မီးဘေးအန္တရာယ် အကူအညီတောင်းခံနိုင်သော 191 Report Application မိုဘိုင်းဖုန်းတိုင်းတွင် ထည့်သွင်းအသုံးပြုရေး နည်းလမ်းများ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဈေးကော်မတီဝင်များက ကြည့်ရှုအားပေးကာ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဈေးမီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးပွဲသို့ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့်ကော်မတီအဖွဲ့ဝင်များ၊ ပုဂံမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ခိုင်ညွန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် ဈေးကော်မတီဝင်များ၊ ဈေးတာဝန်ခံနှင့် ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ရဲဝင်းနိုင်(ညောင်ဦး)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လှိုင်ကော်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မတ် ၃ ရက် ညနေ ၆ နာရီက လှိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မလင်းလင်းစိုးဆိုသူအား စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅,၁၉၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မလင်းလင်းစိုး (၄၄)နှစ် ဆိုသူအား လှိုင်ကော်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ယောဘ ဆိုသူ မောင်းနှင်လာသည့် ISUZU D-MAX အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူအလေးချိန် ၄ ဒသမ ၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၉,၈၀၀၊ မြန်မာငွေကျပ် ငါးသိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယောဘ (၂၁) နှစ်ဆိုသူအား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ)ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

## ဈေးကြိုရပ်ကွက်၌ နေအိမ်မီးလောင်မှု ဖြစ်ပွား

**မော်လမြိုင် မတ် ၅**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက်၌ မတ် ၂ ရက် နံနက် ၂ နာရီခွဲက ပိုင်ရှင် ဦးညွန့်ကြည်ဆိုသူ၏ နေအိမ်တွင် အိမ်ငှား ဦးဌေးဝင်း (၇၇)နှစ်ဆိုသူနေထိုင်သော (၂၀×၃၅)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းနှစ်ထပ်နေအိမ် အိပ်ခန်းအတွင်း လျှပ်စစ်ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲပြီး အနီးရှိ အဝတ်များသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်ခရိုင်၊ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၃ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၅၈ မိနစ်တွင် မီးငြိမ်းခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် ဦးဌေးဝင်း(၇၇)နှစ်ဆိုသူ(သေဆုံး)၊ ဒေါ်လှ(၆၀)နှစ်ဆိုသူ(သေဆုံး)၊ မမိုးပွင့်ဝါ(၂၈)နှစ်ဆိုသူ ညာဘက်လက်နှင့် ညာဘက်ကျောပြင် မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ပြီး (ပေ၂၀× ၃၅ပေ)၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်းနှစ်ထပ် နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဦးဌေးဝင်းဆိုသူအား မော်လမြိုင်မြို့နယ်၊ မုပွန်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# လူငယ်များကြား၌ အင်္ကျီပေါ်တွင် ပန်းချီရေးဆွဲခြင်း စိတ်ဝင်စားမှု မြင့်တက်လာ

**မန္တလေး မတ် ၅**

လူငယ်များအကြား၌ အင်္ကျီပေါ်တွင် ပန်းချီရေးဆွဲခြင်းကို စိတ်ဝင်စားလာကြပြီး ဖက်ရှင်နှင့် အနုပညာကို ပေါင်းစပ်ထားသည့် လုပ်ရှားမှုတစ်ခုအဖြစ် လူကြိုက်များလာသည်။



အင်္ကျီပေါ်တွင် မိမိနှစ်သက်ရာ ပုံရိပ်များ၊ စာသားများနှင့် အနုပညာဒီဇိုင်းများကို ကိုယ်တိုင်ရေးဆွဲနိုင်ခြင်းကြောင့် တစ်ယောက်နှင့်တစ်ယောက် မတူညီသည့် ကိုယ်ပိုင်စတိုင်လ်ဖက်ရှင်တစ်ခုအဖြစ် လူငယ်များကြားတွင် ပိုမိုအသုံးပြုလာကြသည်။ ထို့အပြင် သူငယ်ချင်းအဖွဲ့များ၊ ပွဲတော်များနှင့် အမှတ်တရအဖြစ်လည်း အင်္ကျီပေါ်တွင် ပန်းချီရေးဆွဲထားသည့် အင်္ကျီများကို ဝတ်ဆင်လာကြသည်။

အချို့သော လူငယ်များသည် အင်္ကျီပေါ်တွင် ပန်းချီရေးဆွဲခြင်းကို ဝါသနာအဖြစ်သာမက အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လည်း စတင်လုပ်ကိုင်လာကြပြီး လူမှုကွန်ရက်များမှတစ်ဆင့် အော်ဒါလက်ခံရောင်းချမှုများလည်း တဖြည်းဖြည်းတိုးလာသည်။

ထိုသို့ အနုပညာနှင့် ဖက်ရှင်ပေါင်းစပ်ထားသည့် အင်္ကျီပေါ်တွင် ပန်းချီရေးဆွဲခြင်းလုပ်ငန်းသည် ယနေ့ခေတ် လူငယ်များကြား၌ ဖန်တီးမှုစွမ်းအားကို ပြသနိုင်သည့် လမ်းကြောင်းတစ်ခု ဖြစ်လာသည်။

မန္တလေးမြို့တွင် ဖေဖော်ဝါရီလအတွင်းက အင်္ကျီပေါ်တွင် ပန်းချီရေးဆွဲခြင်း ပြိုင်ပွဲတစ်ခု ပြုလုပ်ခဲ့ပြီး ပြိုင်ပွဲတွင် အကောင်းဆုံး ရေးဆွဲနိုင်ခဲ့သူအား ဆုကြေးငွေကို ထိုက်တန်စွာ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



# နွေရာသီသင်တန်းများဖွင့်ပွဲ ကျင်းပ

**တောင်တွင်းကြီး မတ် ၅**

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျန်းမာပျော်ရွှင်၍ အားကစားကဏ္ဍဖွံ့ဖြိုးပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ အားကစားသင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် သင်တန်းမှရရှိသော ပညာရပ်များကို မိမိတို့ လက်တွေ့ဘဝတွင် အကျိုးရှိစွာအသုံးချတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီသင်တန်းများ ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ် ရန်ပယ်အားကစားကွင်း မိုးလုံ လေလုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက နွေရာသီသင်တန်းများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးညီညီထွေးက နွေရာသီသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဖြိုးကိုနှင့်ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၀၀ ဦး တက်ရောက်ခဲ့သည်။ အဆိုပါ နွေရာသီသင်တန်းများကို မတ် ၂၀ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။ (အပေါ်ပုံ)

နောင်နောင်(မိုးသနိုးမြေ)

# မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)တွင် ဂုဏ်ပြုနှုတ်ဆက်ပွဲ ကျင်းပ

**မန္တလေး မတ် ၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)တွင် ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၃၁လမ်းနှင့်လမ်း ၇၀ထောင့်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဆေးတက္ကသိုလ်(မန္တလေး)နှင့် မန္တလေးမြို့ရှိ ဆေးရုံကြီးများမှ ဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)ဒုတိယဥက္ကဋ္ဌ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ကျော်က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့မည့် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဆေးဝါးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာခင်မောင်မြင့်အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆေးဝါးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ပါမောက္ခသည် ၂၀၁၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌနှင့် သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။(**အပေါ်ပုံ**)

(ဝ၄၅)



နောင်ချိုမြို့၌ နွေရာသီတွင် မြို့ရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့ရေပေးဝေသည့် ရေပိုက်လိုင်းများ ပြန်လည်ပြုပြင်စစ်ဆေးခြင်းလုပ်ငန်းကို ယမန်နေ့က နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းက ကြီးကြပ်ဆောင်ရွက်စဉ်။

(ဝ၄ဝ)

# လူငယ်များဖွံ့ဖြိုးတိုးတက်ရေး အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီသင်တန်း ဖွင့်လှစ်

**ရပ်စောက် မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းကို မတ် ၄ ရက် နံနက် ၉ နာရီက လူထုအခြေပြုရုံး (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်ယုယုအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးဇော်ဝင်းက အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသားများအား အခြေခံပန်းချီပညာကို စတင်သင်ကြားပေးပြီး သင်တန်းနည်းပြဆရာ ဦးသိန်းအောင်က အခြေခံအင်္ဂလိပ်စာကို သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၁ ဦးတို့က စိတ်ပါဝင်စားစွာ လေ့ကျင့် သင်ယူလျက်ရှိသည်။ သင်တန်းကို မတ် ၃ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၈၈)

# လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ကျင်းပ

**မိတ္ထီလာ မတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို မတ် ၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား လပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် အသိပညာဗဟုသုတများ ရရှိစေရန် စာအုပ်၊ စာပေများ လေ့လာဖတ်ရှုကြရန် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အသိပညာပေး ဟောပြောသည်။ (**ယာပုံ**)

ဆက်လက်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းဓာတ်ပုံများ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲများမှ ပြိုင်ပွဲဝင်ဓာတ်ပုံများနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၅၃)






## စပိန်ဘုရင့်ဖလား ဖိုင်နယ်ပွဲအဆင့်သို့ ဆိုစီဒက်အသင်း တက်ရောက်



**မက်ဒရစ် မတ် ၅**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ဘုရင့်ဖလား ဖိုင်နယ်ပွဲအဆင့်သို့ ဆိုစီဒက်အသင်း တက်ရောက်ခဲ့သည်။

ဆိုစီဒက် အသင်းသည် ဘီလ်ဘာအိုအသင်းကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ စပိန်ဘုရင့်ဖလား ဖိုင်နယ်ပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်ဘုရင့်ဖလား ဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၁၉ ရက်တွင် ဆိုစီဒက်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ် အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မည်သည့်အသင်းက ချန်ပီယံဆု ရယူနိုင်မည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

## ပီယိုအက်စ်ပိုစီတို အင်တာမီလန်အသင်းတွင် ဆက်ရှိသွားမည်

**မီလန် မတ် ၅**

တိုက်စစ်မှူး ပီယိုအက်စ်ပိုစီတိုအသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင် သာ ဆက်ရှိသွားမည်ဟု အင်တာမီလန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် 



အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

တိုက်စစ်မှူး ပီယိုအက်စ်ပိုစီတိုသည် အင်တာမီလန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၇ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အင်တာမီလန်အသင်း၏ ထုတ်ပြန်ချက်တွင် "ပီယိုအက်စ်ပိုစီတိုအသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားကောင်းတစ်ယောက်ပါ"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## ဟယ်ရီဝီလ်ဆင်အား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် မတ် ၅**

အက်စတွန်ဗီလာအသင်းသည် ဖူလ်ဟမ်အသင်းတောင်ပံ ကစားသမား ဟယ်ရီဝီလ်ဆင်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၇ ပွဲကစားပြီး ၃၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ဟယ်ရီဝီလ်ဆင်ကလည်း ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဖူလ်ဟမ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် ဟယ်ရီဝီလ်ဆင်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)



## 2026 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ မတ် ၁၇ ရက်တွင် စတင်မည်

**မိုင်ယာမီ မတ် ၅**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ လာမည့် မတ် ၁၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲကို မတ် ၁၇ရက်မှ ၃၀ရက်အထိ ၁၄ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ချက်တင်းနစ်ကစားသမား Jakub Mensik နှင့် ဘီလာရု တင်းနစ်မယ် Aryna Sabalenka တို့ ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ရိုဒရီဂို ACL ဒဏ်ရာကြောင့် ရှစ်လ ဝန်းကျင်အနားယူရမည်

**မက်ဒရစ် မတ် ၅**

ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂိုသည် ACL ဒဏ်ရာကြောင့် ရှစ်လဝန်းကျင် အနားယူရမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ရိုဒရီဂို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမား ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၇ပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

(အောက်ပုံ) (NGB)



## မန်ယူအသင်း၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆက်စ်ကို ဆွတ်ခူး

**လန်ဒန် မတ် ၅**


မန်ယူအသင်းမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဖေဖော်ဝါရီလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး ဆက်စ်ကိုက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် လေးပွဲ ပါဝင်ကစားပြီး သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဆက်စ်ကိုသည် မန်ယူအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၅ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဆက်စ်ကိုက "ကျွန်တော် အခုလို အသင်းက ပေးအပ်သည့် တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် အသင်းအောင်မြင်မှုရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)



### ဘောလုံးသတင်းအတိုအထွာများ

* ဘရန့်ဖို့ဒ်အသင်း ကွင်းလယ်ကစားသမား ဖာဘီကာဗယ်ဟိုသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။
* စပိန်လာလီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၇) ပွဲကျန်တစ်ပွဲအဖြစ် ယနေ့နံနက်ပိုင်းက ဗယ်လက်ကာနိုအသင်းနှင့် အိုဗီဒိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗယ်လက်ကာနိုအသင်းက အိုဗီဒိုအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ (NGB)

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၃) နာပိုလီ - တိုရီနို (၁၄)<br>(W,L,D,L,W) (L,D,L,L,W) | နာပိုလီ ၂-၀ တိုရီနို<br>တိုရီနို ၀-၁ နာပိုလီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၆) ဆဲလ်တာဗီဂို - ရီးရဲလ်မက်ဒရစ် (၂)<br>(D,W,W,W,W) (W,W,L,W,L) | ဆဲလ်တာဗီဂို ၁-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၃-၂ ဆဲလ်တာဗီဂို |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၁) ဘိုင်ယန်မြူးနစ် - ဂလာဘတ် (၁၂)<br>(W,W,W,W,W) (D,D,L,L,W) | ဘိုင်ယန်မြူးနစ် ၂-၀ ဂလာဘတ်<br>ဂလာဘတ် ၀-၁ ဘိုင်ယန်မြူးနစ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁) ပီအက်စ်ဂျီ - မိုနာကို (၇)<br>(L,W,W,D,W) (W,L,W,D,W) | ပီအက်စ်ဂျီ ၄-၁ မိုနာကို<br>မိုနာကို ၂-၄ ပီအက်စ်ဂျီ |

### အင်္ဂလိပ် အက်ဖ်အေဖလား ပဉ္စမအဆင့် ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၇-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | ဝုဖ် - လီဒ်ယူး<br>(ပရီးမီးယားလိဂ်-၂၀) (ပရီးမီးယားလိဂ်-၅) | ဝုဖ် ၂-၁ လီဒ်ယူး<br>လီဒ်ယူး ၂-၁ ဝုဖ် |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၀) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၆-၃-၂၀၂၆<br>သောကြာနေ့ | ညနေ ၄:၀၀ နာရီ | (၁၁)အုံပေါ့ - ရှိုင်(၁၀)<br>(L,D,L,D,W) (W,D,L,L,L) | အုံပေါ့ ၄-၃ ရှိုင်<br>ရှိုင် ၁-၁ အုံပေါ့ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၇-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၁၁) ပရက်စတန် - အောက်ဖို့ဒ် (၂၃)<br>(W,D,L,D,L) (L,L,D,L,W) | ပရက်စတန် ၁-၁ အောက်ဖို့ဒ်<br>အောက်ဖို့ဒ် ၃-၁ ပရက်စတန် |

# မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီး၏ အထွတ်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူခြင်း အောင်ပွဲအထိမ်းအမှတ် အထူးဓမ္မသဘင်အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၅**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက် ရွှေကျောင်းတော်ကြီးအား ဘက်စုံပြုပြင်မွမ်းမံ၍ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို မတ် ၄ ရက်က ခမ်းနားထည်ဝါစည်ကား သိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပခဲ့ပြီး အောင်ပွဲအထိမ်းအမှတ် အထူးဓမ္မသဘင်အခမ်းအနားကို ယနေ့ညပိုင်းက မဟာမုနိဘုရားကြီး နာရီစင်အနီး နိဗ္ဗာန်လမ်းတွင် ကျင်းပခဲ့သည်။

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်ရွှေကျောင်းတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်တင်လှူခြင်း အောင်ပွဲအထိမ်းအမှတ် အထူးဓမ္မသဘင်အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ၊ သောဋသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးက ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဓမ္မမိတ်ဆွေဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုတရားတော်နာယူကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဓမ္မသဘင်အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အောင်ပွဲအထိမ်းအမှတ် အထူးဓမ္မသဘင်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး မိသားစု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မဟာမုနိဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက အလှူငွေများလှူဒါန်းပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ သောဋသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို တရားရေအေးအမြိုက်ဆေးတိုက်ကျွေးဟောကြားတော်မူရာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က တရားတော်များနာယူကြည်ညိုခဲ့ကြောင်းနှင့် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှအတန်းများ ပေးဝေခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**
















# မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်း မှတ်တမ်းဓာတ်ပုံများ

















# ခံယူစိတ်ထား ဆရာ့စကား



တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းအတွက် ဆရာကြီးဦးမြင့်လွင်ထံ ကျွန်တော်နှင့် ကိုထွန်းထွန်းဝင်း (တိုင်းရင်းဂျာနယ်)တို့ စာမူသွားရောက်ယူကြပါသည်။

ဆရာ့ထံမှ စာမူယူရင်း ဆရာကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်အတွက်ပါ တစ်ပါတည်းမေးမြန်းပြောဆိုဖြစ်ပါသည်။ ဆရာကြီး၏အတွေ့အကြုံများ၊ မဂ္ဂဇင်းနှင့်စပ်ဆိုင်ရာများကို မေးမြန်းပြီးသည့်အခါ "ဆရာခံယူကျင့်သုံးတဲ့ သဘောထားတစ်ခု ဒါမှမဟုတ် လက်စွဲပြုတဲ့ စကားအရာတစ်ခုခုရှိရင် သိပါရစေခင်ဗျာ" ဟု ကျွန်တော်က အမေးပြုသည့်အခါ ဆရာကြီးက "အေး ရှိတာပေါ့၊ အသေအချာမှတ်၊ စကားလုံး ၁၆ လုံးရှိတယ်" "စေတနာသန့်သန့်နှင့် စိတ်ကောင်းတစ်ခုထားပါ၊ ကောင်းကျိုးပေးမည်" ဟူ၍ဖြစ်သည်။

ဆရာကြီးပြောသည့်အတိုင်း စာရွက်တွင် လိုက်လံရေးသည့်အခါ စကားလုံးရေ ၁၆ လုံးအတိပင် ဖြစ်သည်။ အဓိပ္ပာယ်ရိုးရှင်းပြီး လေးနက်ပြည့်စုံသော လူ့လောက၊ လူ့ဝန်းကျင်အရေးအရာကောင်းတစ်ခုဟု အောက်မေ့ဆင်ခြင်မိပါသည်။ ဆရာကြီးပြောပြသည့် စကားရပ်ကို မှတ်သားရင်း နှုတ်မှလည်း နှုတ်တိုက်ရွရွ လိုက်လံရေရွတ်မိပါသည်။

ထို့နောက် ဆရာကြီးက ဆက်ပြောပါသည်။ ဒုတိယအချက် အနေနဲ့ပြောရရင် လုပ်ငန်းကိစ္စတွေ လုပ်ဆောင်တဲ့အခါ မေတ္တာစိတ်ထားပြီး တာဝန်ဝတ္တရားတွေကို လုပ်ဆောင်ပါ။ ကိုယ်ဆိုရင် ကိုယ်လုပ်ဆောင်ရတဲ့ တာဝန်ဝတ္တရားတွေကို မေတ္တာစိတ်ထားပြီး လုပ်တယ်။ မေတ္တာဝန်လို့ စကားရပ်ပြထားတယ်။

ဝန်ထမ်းဘဝတုန်းက ဝန်ထမ်းတာဝန်တွေ၊ ပရဟိတအသင်းအဖွဲ့၊ လူမှုရေးရာအဖွဲ့အစည်း၊ အစိုးရမဟုတ်တဲ့အသင်းအဖွဲ့(NGO)တွေမှာ ဆရာ့ သက်တမ်းနဲ့အညီ လှုပ်ရှားလုပ်ဆောင်ခဲ့တယ်။ လုပ်တဲ့အခါ တာဝန်ဝတ္တရားဆိုတာရှိတယ်။ တာဝန်ဝတ္တရားဆိုပြီး မနည်းမဆခိုင်းတာမျိုး၊ မနိုင်ဝန်လုပ်ရတာမျိုးတွေလည်း ကြုံရတယ်။ အဲ့ဒါမျိုးဆိုရင်လည်း မေတ္တာစိတ်ထားပြီး တတ်စွမ်းသရွေ့လုပ်ခဲ့တယ်။ တာဝန်ဝတ္တရားတွေကို မေတ္တာစိတ်နဲ့ယှဉ်ပြီး လုပ်တာမို့ မေတ္တာဝန်လို့ပြောတာ။

မေတ္တာဓာတ်က အေးမြတယ်။ တစ်ပါးသူလည်း အေးတယ်၊ ကိုယ်လည်းအေးတယ်။ ပေးတဲ့တာဝန်ကို မကျေမနပ်နဲ့ လုပ်တဲ့ အနေအထားမျိုးမဟုတ်ဘဲ မေတ္တာဝန်နဲ့ပဲ လုပ်လို့ အောင်မြင်တယ်။ ကိုယ်စိတ်လည်း အေးချမ်းတယ်။ ကောင်းကျိုးတွေပဲများတယ်။

ဆရာကြီးက တာဝန်ဝတ္တရားများကို မေတ္တာဝန်နဲ့ ယှဉ်တွဲ လုပ်ဆောင်ခဲ့ပုံကို ရှင်းပြပါသည်။ တစ်ဆက်တည်းပင် မေတ္တာစိတ်ရဲ့ သဘောသဘာဝကိုလည်း ပြောပြပါသည်။

"အေး... မေတ္တာစိတ် သဘောထားကို အဓိပ္ပာယ်ဖွင့်ပြောရရင် မေတ္တသုတ်မှာပါတဲ့...

**မာတာ ယထာ နိယံပုတ္တ၊**

**မာယုသာ ဧကပုတ္တ မနုရက္ခေ**

..........

သားသမီးတစ်ယောက်တည်း ထွန်းကားတဲ့ မိခင်ဟာ အဲ့ဒီ သား၊ သမီးကို အသက်ပေးပြီး စောင့်ရှောက်တဲ့မေတ္တာလိုပဲ အများအပေါ် (သတ္တဝါတွေအပေါ်)မှာလည်း အဲ့လိုစိတ်မျိုးထားတာကို ပြောတာ။ အဲ့လိုစိတ်ထားမျိုးထားပြီး လုပ်ဆောင်တာကို ဆိုလိုတာ" ဟု ပြောပြပါသည်။

မေတ္တာဆိုတာ သတ္တဝါအားလုံး(အများ)အကျိုးစီးပွားဖြစ်စေခြင်းဌာ လိုလားတဲ့ စိတ်နေသဘောထားပဲ။ မေတ္တာလို့ပြောပြီး ကိုယ်ချမ်းသာဖို့ ရည်ရွယ်ချက်နဲ့လုပ်ရင်တော့ မေတ္တာမဟုတ်ဘူးပေါ့။

ဆရာကြီး၏ နောက်ဆက်တွဲစကားကလည်း မှတ်မှတ်သားသား ဖြစ်စေပါသည်။

တတိယအချက်အနေနဲ့ပြောရရင် ဆရာဆိုတာ အနန္တော အနန္တငါးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တယ်။ ဆရာ့ဂုဏ်တွေနဲ့အညီ နေထိုင် ပြောဆိုပြုမူရမယ့် "အာနေက သံရောဇက" တဲ့။ ပညာရှိတွေ ကဲ့ရဲ့မယ့် မသင့်တင့်မလျောက်ပတ်တဲ့ လုပ်ငန်းဆောင်တာတွေ တပည့်တွေကို မခိုင်းရဘူး။ မတိုက်တွန်းရဘူး။ အာစရိယဂုဏ်တွေထဲက အရေးကြီးတဲ့ ဂုဏ်တစ်ခုပဲ။ ဒေဝဒတ်ဆိုရင် ဆရာ့ဂုဏ်နဲ့ မညီဘူး။ အဇာတသတ်ကို မခိုင်းသင့်တဲ့ အဖသတ်ခိုင်းတာမျိုး မလုပ်ရဘူး။ ဆရာဆိုတာ တပည့်တွေ လမ်းမှားရောက်အောင်၊ ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ရဘူး။ လိမ္မာရေးခြားရှိအောင် ဆုံးမသွန်သင်ရမယ်။

ဆရာလုပ်လာတဲ့ သက်တမ်းတစ်လျှောက် အခုအချိန်ထိ ဒီအာစရိယဂုဏ်ကို ထိန်းသိမ်းတယ်။ ကိုယ့်ကြောင့် ဘယ်တပည့်တပန်းမှ ဒုက္ခရောက်အောင် မလုပ်ခဲ့ဘူး။ တစ်ဆက်တည်းမှာပဲ ဆရာနေရာရောက်လာကြတဲ့သူတွေလည်း အထူးသဖြင့် ဒီအာစရိယဂုဏ်ကို ထိန်းသိမ်းကြပါလို့ ပြောချင်တယ်။

စတုတ္ထအချက်အနေနဲ့ကတော့ ထူးထူးခြားခြားလို့ပဲ ပြောရမလား။ ဆရာက တိုင်းရင်းဆေးသိပ္ပံ အမှတ်စဉ်(၁)ကနေ (၃၀)အထိ သိမီတယ်ဆိုတော့ တပည့်တွေများတယ်။ ကျောင်းသား၊ ကျောင်းသူတွေ၊ တပည့်တွေက စားစရာ၊ ဝတ်စရာတွေ ကန်တော့ကြတယ်။ ငွေကြေးနဲ့လည်း ကန်တော့ကြတယ်။ စားစရာ၊ ဝတ်စရာတွေကို စားသုံးတယ်။ ဝတ်ဆင်တယ်။ ငွေကိုတော့ ဆရာက မသုံးဘူး။ စုထားတယ်။ စုထားတာ သိန်းရာဂဏန်းနီးနီး ရှိတယ်။ အဲ့ဒီငွေတွေကို သီးသန့်စာရင်းလုပ်ပြီး ဘဏ်မှာအပ်ထားတယ်။ ဘယ်အပတ်စဉ်က ဘယ်လောက်၊ တစ်သီးတစ်သန့် ဘယ်သူက ဘယ်လောက်ဆိုပြီး မှတ်ထားတယ်။ စာရင်းထားတယ်။ အာစရိယပွဲတိုင်းမှာလည်း စာအုပ်၊ စာတမ်းတွေ အမြဲလို ဓမ္မဒါန အလှူဒါနလုပ်တယ်။

ဘဏ်မှာစုထားတဲ့ ငွေနဲ့ ဗုဒ္ဓဂါယာဘုရားဖူးသွားတယ်။ ငါးကြိမ်တောင် သွားခဲ့ပြီးပြီ။ မိသားစုတွေကိုလည်း ဆရာသွားတိုင်း တစ်ကြိမ်တစ်ယောက် ခေါ်သွားတယ်။ ဗုဒ္ဓဂါယာရောက်ရင် အလှူဒါန လုပ်တယ်။ မြန်မာဘုန်းကြီးကျောင်းတိုက် တိုးချဲ့




မြေကွက်အတွက် သိန်းနှစ်ဆယ်လည်း လှူခဲ့ပြီးပြီ။ တခြားမိဂဒါဝုန်၊ သာဝတ္ထိစတဲ့ နေရာတွေမှာလည်း လှူခဲ့တယ်။ လှူငွေစာရင်းတွေ လုပ်ထားတယ်။ ကျောင်းသား၊ ကျောင်းသူတွေ ကန်တော့ကြတဲ့ ငွေတွေပဲ။ အားလုံးအားလုံး သာဓုခေါ်နိုင်တာပေါ့။ ဆရာလည်း ကုသိုလ်ရ၊ တပည့်တွေလည်း ကုသိုလ်ရတာပေါ့။ ဒါက ထူးခြားချက်ပဲ။

ဆရာကြီး၏ ပြောပြချက်များကို နားထောင်မှတ်သားရင်းမှ ဆရာကြီး၏ စိတ်နေစိတ်ထားကို လေးစားအတုယူမိပါသည်။ ဆရာကြီး၏ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ အရာတို့ကို မြင်မိ၊ ဆင်ခြင်မိပါသည်။ အသက်(၇၅)နှစ်ရှိပြီဖြစ်သော်လည်း ပေါ့ပါးသွက်လက်စွာ ပြောဆိုသွားလာလှုပ်ရှားနေသည်ကို တွေ့ရ၍လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ကျွန်တော်တို့နှင့်တွေ့ဆုံချိန်သည် ဆရာကြီး နေပြည်တော်ခရီးမှ ပြန်လာချိန်ဖြစ်သည်။ နေပြည်တော်သို့ သိပ္ပကျော်စွာ ဂုဏ်ထူးဆောင်ဘွဲ့ သွားရောက်လက်ခံယူခြင်းဖြစ်သည်။ ဤသိပ္ပကျော်စွာဘွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီမှ ချီးမြှင့်ပေးအပ်သောဘွဲ့ဟု သိရသည်။

ဤသိပ္ပကျော်စွာဘွဲ့ ရရှိသည့်အတွက်လည်း ဆရာကြီးအား ထပ်ဆင့်လေးစား ဂုဏ်ပြုမိပါသည်။ ဝမ်းမြောက်မိပါသည်။ ဘွဲ့လက်ခံယူပြီး ၂-၃-၂၀၂၆၊ တပေါင်းလပြည့်၊ တိုင်းရင်းဆေးသမားတော်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ တိုင်းရင်းဆေးဆရာအသင်းမှ ထပ်ဆင့်ဂုဏ်ပြုပွဲပြုလုပ်ပြန်ရာ ဆရာကြီးအပေါ် မုဒိတာပွား နှစ်ထောင်းအားရ အားကျမိပါသည်။

ဆရာကြီး၏ကျေးဇူးအစုစုကို ဤစာရေးသီမှုဖြင့် ကျေးဇူးဆပ်အပ်ပါသည်။ ကျွန်တော်နှင့်တကွ ဆရာကြီး၏တပည့်အပေါင်းလည်း ဝမ်းမြောက်ကြည်သာရှိကြပါစေကြောင်း ဆုမွန်ပြုပါသည်။

ဆရာဆိုတာ အနန္တော အနန္တငါးပါးမှာ တစ်ပါးအပါအဝင် ဖြစ်တယ်။ ဆရာ့ဂုဏ်တွေနဲ့အညီ နေထိုင်ပြောဆိုပြုမူရမယ့် "အာနေက သံရောဇက" တဲ့။ ပညာရှိတွေ ကဲ့ရဲ့မယ့် မသင့်တင့် မလျောက်ပတ်တဲ့ လုပ်ငန်းဆောင်တာတွေ တပည့်တွေကို မခိုင်းရဘူး။ မတိုက်တွန်းရဘူး။ အာစရိယဂုဏ်တွေထဲက အရေးကြီးတဲ့ ဂုဏ်တစ်ခုပဲ။ ဒေဝဒတ်ဆိုရင် ဆရာ့ဂုဏ်နဲ့ မညီဘူး။ အဇာတသတ်ကို မခိုင်းသင့်တဲ့ အဖသတ်ခိုင်းတာမျိုး မလုပ်ရဘူး။ ဆရာဆိုတာ တပည့်တွေ လမ်းမှားရောက်အောင်၊ ဒုက္ခရောက်အောင် ဘယ်တော့မှ မလုပ်ရဘူး။ လိမ္မာရေးခြားရှိအောင် ဆုံးမသွန်သင်ရမယ်။

မျိုးမင်းဦး(စဉ်-၁၉)
တိုင်းရင်းဆေးပညာ၊ ဒီပလိုမာ

## ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းများ စိုက်ပျိုး

**ကျောက်ဆည် မတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဆီထွက်သီးနှံစုံကို နေရာဒေသအလိုက် စိုက်နည်းစနစ်မျိုးစုံဖြင့် စိုက်ပျိုးလျက်ရှိရာ ကုလကျေးရွာ တောင်သူဦးစိန်အောင်၏ ကွင်းအမှတ်(၂၇၂)၊ ဦးပိုင်အမှတ်(၅)၊ (၆)တို့တွင် အထွက်နှုန်းသေချာသည့် ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းများ စတင်စိုက်ပျိုးလျက်ရှိသည်။

ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းများ စိုက်ပျိုးမည်ဆိုပါက စက်ထယ်တစ်စပ်၊ စက်ထွန်တစ်စပ်နှင့် မြေပြုပြင်ပြီး နွားထယ်ဖြင့် ၃ ဒသမ ၅ ပေ ပေါင်ကြားပေး၍ ပေါင်ကြားထဲသို့ ဂျုပ်မောင်း၍ ပေါင်းဖော်ပြီး အကျယ် ၃ ပေ၊ အမြင့် ၉ လက်မနှင့်ပေါင်အရှည်ပေ ၂၀ တစ်ဖြတ် ရေတားပေါင်များပြုလုပ်၍ အကွက်ဖော်ကာ စိုက်ဧက တစ်ဧကအတွက် နှမ်းရိုးမဲရောဂါကျရောက်မှု ကာကွယ်ရေး Trichoderma လူးနယ်ထားသည့် နှမ်းမျိုးစေ့ နို့ဆီဘူး ငါးဘူး၊ ခြောက်ဘူး သုံး၍ နှမ်းမျိုးစေ့ချကိရိယာဖြင့် တန်းကြား၊ ပင်ကြား ၁၀ လက်မ× ၄ လက်မ စနစ်ဖြင့် တစ်ပေါင်လျှင် လေးတန်းနှုန်းဖြင့် အတန်းလိုက်စိုက်ပျိုးသည်။

ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းများ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်သက်သာသည့်အပြင် အကျိုးအမြတ်များခြင်း၊ ပေါင်စနစ်ဖြင့် စိုက်ပျိုးသည့်အတွက် ရေလိုသည့်အချိန်၌ ရေသွင်းနိုင်ခြင်း၊ သဘာဝဘေးဖြစ်သည့် မုန်တိုင်း၊ မိုးရေချိန်များပါက



လွယ်ကူစွာ ရေထုတ်နိုင်ခြင်း၊ အနေဖြင့် စိုက်ပျိုးသင့်သည့်တစ်ဧကပန်းတိုင် အထွက်နှုန်း တင်း ၂၀ အထက် ထွက်ခြင်းတို့ကြောင့် နှမ်းစိုက်တောင်သူများ နည်းစနစ်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)



## အကြိမ်(၃၀)မြောက် ပုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**လဟယ် မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့ ဓာတ်ပေါင်းစုစေတီတော်အကြိမ်(၃၀)မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဗဟိုသာသနာပြုခေါင်းဆောင်ဆရာတော်ဘဒ္ဒန္တသုမန (မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ၊ သာသနာ့သက္ကသီလဓမ္မာစရိယ B.A-Buddhism)ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထုများကို နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးလင်းကိုကိုနှင့် လဟယ်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သက်ထူးတို့က ဆက်ကပ်လှူဒါန်းကြပြီး သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ပြီး ဗဟိုသာသနာပြုခေါင်းဆောင်ဆရာတော်ထံမှ အနုမောဒနာတရားနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး သံဃာတော်၊ သာမဏေနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူသည်။

အဆိုပါ အကြိမ်(၃၀)မြောက် ဗုဒ္ဓါဘိသေကပွဲသို့ သံဃာတော် ၄၁ ပါး၊ သာမဏေ ၄၆ ပါးနှင့် သီလရှင်ဆရာလေး ၄၅ ပါး၊ စုစုပေါင်း ၁၃၂ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ တစ်နေ့တာဆွမ်းအတွက် အလှူငွေ လှူဒါန်း

**မန္တလေး မတ် ၅**

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့နေ ဒေါ်ခင်စောမူ ကွယ်လွန်ခြင်း (၂)နှစ်ပြည့် အားရည်စူး၍ ဦးတင်ထွန်းဦး (ဌာနမှူး၊အခွန်ဌာန၊မန်းစည်ပင်)+ဒေါ်ခင်မာမာကို မိသားစုက တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀ ကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ ကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်း၊ ကွမ်းတွဲဖက်အတွင်းရေးမှူး ဦးဝင်းမြင့်တို့က လက်ခံရယူကြသည်။



သံဃာ့ဆေးရုံကြီးသို့ အလှူငွေများ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)



## ဧရာဝတီတိုင်းဒေသကြီးတွင် တိုင်းအဆင့် အသင်းခွဲသစ် ဖွဲ့စည်းတာဝန်ပေး

**မန္တလေး မတ် ၅**

မန္တလေးမြို့ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားအသင်းချုပ် နာယကဆရာတော် ဘဒ္ဒန္တတိက္ခ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဦးဆောင်သော ဥက္ကဋ္ဌ ဦးလှဝင်းနှင့် သာသနာပြုအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ သာသနာပြုခရီးစဉ် အမှတ်(၁၀၂) သို့ သွားစဉ် ပုသိမ်မြို့ ဝိသာခါမွှောရုံတွင် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း၊ အသင်းခွဲသစ် ဧရာဝတီတိုင်းဒေသကြီးအသင်း ဖွဲ့စည်းမှုကို မန္တလေးအသင်းချုပ် ဥက္ကဋ္ဌ ဦးလှဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးသက်အောင်တို့၏ ဖွဲ့စည်းပေး၍ တာဝန်များ ပေးအပ်ခဲ့သည်။

အဆိုပါ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးနှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ သာသနာပြုအဖွဲ့တွင် ဧရာဝတီတိုင်းဒေသကြီး သံဃနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ ဦးဆောင်သည့် ဦးဆောင်နာယက ငါးပါးနှင့်အတူ အသင်းဥက္ကဋ္ဌ ဦးတိုင်းအောင်အပါအဝင် အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦး ပါဝင်ပြီး ဧရာဝတီတိုင်းဒေသကြီး၏ အသင်းခွဲအမှတ်မှာ(၃၅၂)ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၉)

## စူဠဘွဲ့နှင်းသဘင် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**ညောင်ဦး မတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ စာအောင် သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်ကျင်းပနိုင်ရန်အတွက် မတ် ၄ ရက် နံနက်ပိုင်းက ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ရွှေစည်းခုံဘုရားပရိဝုဏ်အတွင်းရှိ ဝေဇယန္တာတန်ဆောင်းတော်ကြီးတွင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွှေစည်းခုံဘုရားကြီး လုံခြုံရေးဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ စာအောင် သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပမည့် ရွှေစည်းခုံဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဝေဇယန္တာတန်ဆောင်းတော်ကြီးအတွင်း၊ အပြင်အား သန့်ရှင်းသပ်ရပ်စေရန် တံမြက်စည်းလှဲခြင်း၊ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်း၊ ကြမ်းပြင်အား ရေဖြင့် ဆေးကြော၍ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ကုသိုလ်ပြု စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

၀-၀-၀-၀-၀-၀-၀





## မြသိန်းတန်စေတီတော်မြတ်၏ (၁၁၅)ကြိမ်မြောက် ပုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ခန္တီး မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ ကျက်သရေဆောင် မြသိန်းတန်စေတီတော်မြတ်၏ (၁၁၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြတ်စွာဘုရားအပါအဝင် သံဃာတော် ၁၈၈ ပါး၊ သာမဏေ ၁၈၂ ပါး၊ သီလရှင် အပါး ၄၀၊ စုစုပေါင်း အပါး ၄၁၀ တို့ကို ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နေပြည်သူများက သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

(အပေါ်ပုံ)

ဆက်လက်၍ ရေစက်ချအခမ်းအနားကို မြသိန်းတန်စေတီတော်ရင်ပြင်တွင် ပြုလုပ်ရာ ခန္တီးမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဒီပထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ခန္တီးတပ်နယ်မှူးဗိုလ်မှူးကြီး ဇော်ငြိမ်းထိုက်နှင့်ဇနီး၊ ခန္တီးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်နှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြကာ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်သွန်းချအမျှအတန်းပေးဝေခဲ့ကြသည်။

ထို့နောက် ပင့်သံဃာတော်၊ သာမဏေနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြပြီး ဧည့်ပရိသတ်များကိုလည်း ထမင်းကျွေးမွေးခဲ့ကြောင်း သိရသည်။

(၃၉၄)

မျက်စိလှူကြ မျက်ကြည်ရ
မြတ်သည့် လှူဒါန။

## ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မတ် ၅**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် နန်းတော်ရှေ့ဒေါနဘွားရပ်ကွက်ရှိ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့ရပ်နေ ဦးဘုန်းကျော်+ဒေါ်မြင့်မြင့်ခင်မိသားစု ဆေးပဒေသာပင်အလှူငွေကျပ် သုံးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနသို့ လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီးဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး (မန္တလေး)သို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၈၉၂၉၅၃၀၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁)

၀-၀-၀-၀-၀-၀-၀



# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၃)

ရေချမ်း-မန်း

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ပါ ဦးဆုံးဘုရားရှင်ဖြစ်သည့် တဏှင်္ကရာ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် ထိုသာရမဏ္ဍကမ္ဘာ၌ပင် လူတို့၏ သက်တမ်းသည် အနှစ်တစ်သိန်းတမ်းမှ တဖြည်းဖြည်း ဆုတ်ယုတ်၍ ဆယ်နှစ်တမ်းသို့ရောက်ပြီး ထိုမှတစ်ဖန် တိုးတက်ပြန်ကာ အသင်္ချေယျတမ်းထိ၊ ထိုအသင်္ချေယျတမ်းမှတစ်ဖန် ဆုတ်ယုတ်ခဲ့ပြန်ပြီး အနှစ်ကိုးသောင်းတမ်းရောက်လေလျှင် မေဓင်္ကရာဘုရားရှင် ပွင့်တော်မူခဲ့သည်။

ဤသည်ကိုကြည့်၍ ဘုရားရှင် ပွင့်တော်မမူသည့်၊ ဘုရားသာသနာနှင့်မကြုံသည့် နှစ်ကာလများ မည်မျှများပြားလှသည်ကို စာဖတ်သူတို့ မှန်းဆသိနိုင်ရာ၏။ ဤကဲ့သို့ ဂေါတမဘုရားသာသနာနှင့် ကြုံကြိုက်ခဲ့သည့် အခါသမယကောင်းတွင် ဘာသာသာသနာအဆုံးအမကို ရနိုင်ခဲပါ၍ ဒါန၊ သီလ၊ ဘာဝနာ အလုပ်ကောင်းများတွင် မွေ့လျော်သင့်လှပေသည်။

**မေဓင်္ကရာဘုရားအလောင်းတော်ဖွားမြင်တော်မူခြင်းနှင့် ထီးနန်းစိုးစံခြင်း**

